

# ကရင်နီပြည်နယ်၏ ကြားကာလ အစီအမံ

လက်ရှိတော်လှန်ရေးကာလမှ စစ်အာဏာရှင် ချုပ်ငြိမ်းသည့် အချိန်ကာလအထိ ကျင့်သုံးမည့် အစီအမံဖြစ်သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၁၈) ရက်နေ့

# ကရင်နီပြည်နယ်၏ ကြားကာလအစီအမံ

လက်ရှိတော်လှန်ရေးကာလမှ စစ်အာဏာရှင်
ချုပ်ငြိမ်းသည့် အချိန်ကာလအထိ ကျင့်သုံးမည့်
အစီအမံဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ (၁၈) ရက်နေ့။

**နိဒါန်း** ၁

**အခန်း (၁)**
ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ အားဖွဲ့စည်းခြင်း ၃
(Karenni State Consultative Council - KSCC)

**အခန်း (၂)**
နိုင်ငံရေးလမ်းပြမြေပုံ ၁၁
(Road Map)

**အခန်း (၃)**
ပြည်နယ်၏ အင်္ဂါရပ် ၁၃

**အခန်း (၄)**
ကြားကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့်
အခြေခံအခွင့်အရေးနှင့် လုပ်ငန်းစဉ်များ ၁၅

**အခန်း (၅)**
ကြားကာလ ကရင်နီပြည်နယ်အုပ်ချုပ်ရေး ၂၁

**အခန်း (၆)**
လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့် ပြုပြင်ပြောင်းလဲခြင်း ၂၉

**အခန်း (၇)**
ကြားကာလ ကရင်နီပြည်နယ် ဥပဒေပြုရေး ၃၁

**အခန်း (၈)**
ကြားကာလ ကရင်နီပြည်နယ်၏ တရားစီရင်ရေး ၃၇

**အခန်း (၉)**
အထွေထွေပြဋ္ဌာန်းချက်များ ၄၃
(General Provision)

# နိဒါန်း

ယခုအချိန်သည် ကရင်နီပြည်နယ်အတွင်း တော်လှန်ရေးကာလ၊ ကြားကာလအတွက် ကြားကာလ အစီအမံ (interim arrangement) တစ်ခု အမြန်ဆုံးရေးဆွဲပြဌာန်းရန်အတွက် လိုအပ်နေပေသည်။ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ အကြမ်းဖက်စစ်တပ်မှ တိုင်းပြည်၏ အာဏာကို သိမ်းယူပြီးသည့် အချိန်မှစ၍ မြန်မာပြည်တစ်ဝှမ်း စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့ရပြီး နောက်ပိုင်းတွင် အကြမ်းဖက်စစ်တပ်က အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် လူထုများမှ လက်နက်ကိုင် တော်လှန်တိုက်ပွဲဝင်လာသည့် အခင်းအကျင်းများ ဖြစ်ပေါ်လာခဲ့ရသည်။ ကရင်နီပြည်နယ်အတွင်းတွင်လည်း စစ်အာဏာရှင်အား အကြမ်းမဖက် ဆန့်ကျင်လှုပ်ရှားမှုများမှ ၂၀၂၁ ခုနှစ် မေလ (၂၁) ရက်နေ့ ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါးရပ်ကွက်တွင် စတင်ပြီး လူထုပါဝင် လက်နက်ကိုင်တိုက်ပွဲကို ဆင်နွှဲလာခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်သည်။ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ပြည်နယ်အတွင်းရှိ အင်အားစုများအား အတတ်နိုင်ဆုံးစုစည်း၍ စတင်ဖွဲ့စည်းခဲ့ပြီး ပြည်သူ့လူထုလုံခြုံရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများရရှိရေးနှင့် အခြားလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။

လက်ရှိတော်လှန်ရေးကာလတွင် ပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများမှာ ယိုယွင်းပျက်စီးနေခဲ့ပြီး လူထုအတွက် လိုအပ်ချက်များနှင့် ကူညီဆောင်ရွက်မှုများကို စနစ်တကျ အကောင်အထည် ဖေါ်ဆောင်ရွက်သွားနိုင်ရန်အတွက် မဖြစ်မနေ အဓိကလိုအပ်နေသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများအပြင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကဏ္ဍများ၊ လူထုဘဝလုံခြုံမှု၏ အခြေခံအဆောက်အအုံများဖြစ်ကြသော ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး ကဏ္ဍများအား လက်တွေ့ကျကျ အကောင်အထည်ဖေါ်ဆောင်ရွက်ရန် လိုအပ်နေပေသည်။

လက်ရှိတွင် ပြည်သူ့ညီလာခံမှ အတည်ပြုပြဌာန်းထားသည့် ဖယ်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း - ၂ တွင် ဖော်ပြပါရှိသည့် ကြားကာလ ပြည်နယ်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍများကို အကောင်အထည်ဖေါ်ဆောင်ရွက်ရန် အထူးလိုအပ်နေသည်ဖြစ်၍ ကရင်နီပြည်နယ်၏ ပြည်နယ်ကြားကာလ အစီအမံကို ရေးဆွဲပြဌာန်းလိုက်ရခြင်းဖြစ်သည်။

## အခန်း (၁)

# ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ
# (Karenni State Consultative Council - KSCC)
# အားဖွဲ့စည်းခြင်း

### ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

၁။ ကြားကာလမှ ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်သည့် ကာလအထိ ပြည်နယ်အတွင်းရှိ ကရင်နီအမျိုးသားများနှင့် ပြည်နယ်သားအားလုံးအတူတကွ ပူးပေါင်း၍ မိမိပြည်နယ်၏ သယံဇာတများကို ကိုယ်ပိုင်ခွဲဝေစီမံခန့်ခွဲပိုင်ခွင့်နှင့် မိမိယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများအား ထိမ်းသိမ်းကာကွယ်စောင့်ရှောက်ပိုင်ခွင့်ရှိသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများအား ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့်အညီ လုပ်ပိုင်ခွင့်အပြည့်အဝရှိရန်အတွက်လည်းကောင်း၊ ကရင်နီပြည်သူလူထုတစ်ရပ်လုံး ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဝိုင်းဝန်းတည်ဆောက်ပြီး ငြိမ်းချမ်းစွာ အေးအတူပူအမျှ အတူတကွယှဉ်တွဲ နေထိုင်ရေးအတွက်လည်းကောင်း ရည်ရွယ်၍ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအား အောက်ပါအစုအဖွဲ့ကြီး (၅) ခုဖြင့် ဖွဲ့စည်းထားရှိသည်။

(က) ကရင်နီပြည်နယ်အတွင်းရှိ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ အစုအဖွဲ့၊
(ခ) နိုင်ငံရေးပါတီကိုယ်စားပြု အစုအဖွဲ့၊
(ဂ) ကရင်နီပြည်နယ်ဥပဒေပြုရေးကော်မတီ ကော်မတီဝင်များ အစုအဖွဲ့၊
(ဃ) လူငယ်များအင်အားစု၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ ဖွဲ့အစည်းများ အစုအဖွဲ့၊
(င) အမျိုးသမီးကိုယ်စားပြု အစုအဖွဲ့။

### နိုင်ငံရေး ဦးတည်ချက်၊ နိုင်ငံရေးပန်းတိုင်

၂။ နိုင်ငံရေး ဦးတည်ချက်၊ နိုင်ငံရေးပန်းတိုင်မှာ အောက်ပါအတိုင်းဖြစ်သည်။
(က) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေး၊
(ခ) စစ်အာဏာရှင်နှင့် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေး၊
(ဂ) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေး၊
(ဃ) ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး။

## ရည်ရွယ်ချက်

၃။ ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကရင်နီပြည်နယ်အတွင်း စုပေါင်းခေါင်းဆောင်မှုစနစ်ဖြင့် ပြည်နယ်အစိုးရတစ်ရပ် ပေါ်ထွန်းလာစေရန်၊

(ခ) ပြည်နယ်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများအား အပြန်အလှန် ထိန်းညှိပေးနိုင်သည့် ဖွဲ့စည်းပုံတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် ဆွေးနွေးတိုင်ပင်မှုနှင့် လမ်းညွှန်အကောင်အထည်ဖော်ဆောင်သွားနိုင်ရန်။

(ဂ) ပြည်နယ်အတွင်းရှိ အင်အားစုအသီးသီးက ပြည်နယ်၏ နိုင်ငံရေး မဟာဗျူဟာ လုပ်ငန်းစဉ်များတွင် လက်တွေ့ကျကျ ပါဝင်ပူးပေါင်းလာစေရန်နှင့် ဆက်စပ် ညှိနှိုင်းပေးနိုင်ရန်။

(ဃ) အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်နယ်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ အတည်ပြုနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက် သွားနိုင်ရန်၊

(င) စစ်အာဏာရှင်ကျဆုံးရေးနှင့် အာဏာရှင်စနစ် အမြစ်ပြတ်ချုပ်ငြိမ်းရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးနှင့် ပူးပေါင်း၍ တော်လှန်ရေးဆောင်ရွက်ရန်၊

## ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ အခြေခံမူများ

၄။ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ၏ အခြေခံမူမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး၊

(ခ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး) ရရှိရေး၊

(ဂ) ပြည်ထောင်စုအချုပ်အခြာအာဏာသည် အဖွဲ့ဝင် ပြည်နယ်/ဖက်ဒရယ်ယူနစ်၏ လက်ဝယ်တွင်ရှိရေး၊

(ဃ) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊

(င) ပြည်နယ်၏ ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတွင် အမျိုးသမီးများ ပါဝင်မှု အနည်းဆုံး (၃၀) ရာခိုင်နှုန်းအချိုးကျ ပါဝင်ရမည်၊

(စ) ပြည်နယ်၏ ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတွင် လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ လိင်စိတ်ကွဲပြားမှု၊ ထိခိုက်လွယ်မှု (vulnerable) ပေါ် အခြေမခံဘဲ တန်းတူအခွင့်ရေးရှိရမည်၊

(ဆ) ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council - KSCC) သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဆဲ တော်လှန်ရေးကာလ ကြားကာလတွင် ကရင်နီပြည်၏ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် အမြင့်ဆုံး ဖြစ်သည်။

## ပြည်နယ် အတိုင်ပင်ခံကောင်စီ၏ စံတန်ဖိုးများ

၅။ ပြည်နယ် အတိုင်ပင်ခံကောင်စီ၏ စံတန်ဖိုးများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကရင်နီပြည်နှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအပေါ် ကျေးဇူးသစ္စာစောင့်သိခြင်း၊

(ခ) နိုင်ငံရေးရပ်တည်မှု၊ လူမျိုးဖြစ်တည်မှု၊ ယုံကြည်ကိုးကွယ်မှု၊ လိင်စိတ်ကွဲပြားမှု၊ တန်းတူညီမျှမှုနှင့် စုံလင်ကွဲပြားမှုကို အသိအမှတ်ပြုလေးစားခြင်း၊

(ဂ) လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာခြင်း၊

(ဃ) လူသားချင်းစာနာမှုဆိုင်ရာ စံနှုန်းများကို လေးစားလိုက်နာခြင်း၊

(င) တန်းတူရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို တန်ဖိုးထားခြင်း။

## ပြည်နယ်အတိုင်ပင်ခံကောင်စီဝင်များ၏ အရည်အချင်းစံသတ်မှတ်ချက်များ

၆။ ပြည်နယ်အတိုင်ပင်ခံကောင်စီဝင်သည် အောက်ပါအရည်အချင်းစံသတ်မှတ်ချက်များနှင့် ပြည့်စုံရမည်။

(က) လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်းနိုင်ငံရေးနှင့် ဆက်စပ်ပြီး ပြုပြင်ပြောင်းလဲလိုစိတ်နှင့် ပြည်နယ်အရေးကို စိတ်အားထက်သန်သူ ဖြစ်ရမည်။

(ခ) ပြည်နယ်အတိုင်ပင်ခံကောင်စီတွင် ပါဝင်မည့် ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ အဖွဲ့အစည်း ကိုယ်စားပြုမှုရှိသူ ဖြစ်ရမည်။

(ဂ) (၁) မိခင်အဖွဲ့အစည်း သို့မဟုတ် မိမိကိုယ်စားပြုသည့် အစုအဖွဲ့၏ မူဝါဒများအား ကောင်းမွန်စွာ သိရှိနားလည်ကြေညက်ပြီး ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်သည့် ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင် သို့မဟုတ် ယင်းကော်မတီဝင်အဆင့်နှင့် ကိုက်ညီသည့် ရာထူးရှိသူ ဖြစ်ရမည်။

(၂) သမဂ္ဂများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဖက် အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေး (CDM) လှုပ်ရှားမှုဆိုင်ရာအဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အမျိုးသမီးများစသည့် အင်အားစုအနေဖြင့် သက်ဆိုင်ရာအင်အားစုများ ကိုယ်စားပြုနိုင်သူ ဖြစ်ရမည်။

(ဃ) ပြည်နယ်အတိုင်ပင်ခံကောင်စီတင်ပါဝင်မည့် အဖွဲ့အစည်းကိုယ်စားပြုပုဂ္ဂိုလ်များသည် စစ်အာဏာရှင်နှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် အဖက်ဖက်က တွန်းလှန်တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းမှ ဖြစ်ရမည်။

(င) အဖွဲ့အစည်း ကိုယ်စားပြုကိုယ်စားလှယ်သည် စစ်ကောင်စီနှင့် စစ်ရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းမှ မဖြစ်စေရ။

(စ) ပါဝင်မည့် အင်အားစုများသည် ဖွဲ့စည်းထားသည့် ပုံစံနှင့် လက်တွေ့အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်သည့် အခြေအနေခြင်း မတူညီသည့်အတွက် ပါဝင်ဖွဲ့စည်းမည့် ဦးရေအရေအတွက်သည်လည်း တူညီနိုင်မှုရှိမည် မဟုတ်သည်ကို လက်ခံနိုင်သူဖြစ်ရမည်။

## ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီဖွဲ့စည်းခြင်း

၇။ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီအား အောက်ပါအတိုင်း (၁၇) ဦးဖြင့် ဖွဲ့စည်းသည်။
   (က) ကရင်နီပြည်နယ်အတွင်းရှိ စစ်အာဏာမသိမ်းမီ ဖွဲ့စည်းတည်ရှိခဲ့သည့် တော်လှန်ရေး အဖွဲ့အစည်းများကိုယ်စားလှယ် - (၄) ဦး
   (ခ) နိုင်ငံရေးပါတီ ကိုယ်စားလှယ် - (၂) ဦး
   (ဂ) ပြည်နယ်ဥပဒေပြုရေးကော်မတီ ကိုယ်စားလှယ် - (၃) ဦး
   (ဃ) လူငယ်များအင်အားစု၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့ ကိုယ်စားလှယ် - (၆) ဦး
   (င) အမျိုးသမီးကိုယ်စားပြု ကိုယ်စားလှယ် - (၂) ဦး

## ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီရွေးချယ်တင်မြှောက်ခြင်း

၈။ (က) ပြည်နယ်အတိုင်ပင်ခံကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် ပုဒ်မ ၇ ပါ အဖွဲ့အစည်း သို့မဟုတ် အင်အားစုများသည် သတ်မှတ်အရည်အချင်းနှင့် အညီ မိမိအဖွဲ့အစည်း သို့မဟုတ် အင်အားစု၏ ပြည်နယ်အတိုင်ပင်ခံကောင်စီဝင် ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းရမည်။ ယင်းသို့ အမည်စာရင်းတင်သွင်းခံရသူသည် ပြည်နယ်အတိုင်ပင်ခံကောင်စီဝင် အလိုအလျောက်ဖြစ်သည်။
   (ခ) ပြည်နယ်အတိုင်ပင်ခံကောင်စီသည် ပြည်နယ်အတိုင်ပင်ခံကောင်စီဝင်များဖြင့် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင် (၃) ဦး၊ စုစုပေါင်း (၇) ဦးအား လျှို့ဝှက်မဲပေးရွေးချယ်၍ ပြည်နယ် အတိုင်ပင်ခံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည်။

၉။ (က) ပြည်နယ်အတိုင်ပင်ခံကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့ တာဝန်ဝတ္တရားများကို ရေးဆွဲပြဋ္ဌာန်းရမည်။
   (ခ) အလုပ်အမှုဆောင်အဖွဲ့ဝင်သည် -
      (၁) တာဝန်ထမ်းဆောင်ရာတွင် ရိုးဖြောင့်မှုမရှိခြင်း၊ လိမ်လည်ခြင်းနှင့် လိမ်လည်မှုကို အားပေးခြင်း မပြုရ၊
      (၂) တာဝန်ထမ်းဆောင်ရာတွင် လောင်းကစားပြုလုပ်ခြင်းနှင့် မူးယစ်သောက်စားခြင်း မပြုရ၊
      (၃) သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်း မပြုရ၊
      (၄) စောင့်ထိန်းလိုက်နာရန် ချမှတ်ထားသည့် ကျင့်ဝတ်စည်းကမ်းများကို ဖောက်ဖျက်ခြင်း မပြုရ၊
      (၅) တာဝန်ထမ်းဆောင်သူ အချင်းချင်းအကြား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေရန် လှုံ့ဆော်ခြင်း မပြုရ၊
      (၆) တာဝန်ထမ်းဆောင်ချိန်တွင် ခိုက်ရန်ဖြစ်ပွားခြင်း မပြုရ။

## ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းတာဝန်များ

၁၀။ ပြည်နယ်အတိုင်ပင်ခံကောင်စီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

(က) ပြည်နယ်အတွင်းရှိ အင်အားစုများအားလုံး ကြားကာလနိုင်ငံရေးအစီအမံများနှင့် ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးမဟာဗျူဟာများ၊ မူဝါဒများအား ချမှတ်ရေးဆွဲရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး အတွက် အကောင်အထည်ဖေါ်ဆောင်ရွက်ရန်၊

(ခ) ပြည်နယ်အုပ်ချုပ်ရေးကောင်စီအား ဖွဲ့စည်းခြင်း၊

(ဂ) ကြားကာလ ပြည်နယ်အုပ်ချုပ်ရေးဆိုင်ရာ မဟာဗျူဟာများချမှတ်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် ညှိနှိုင်း တိုင်ပင်ခြင်းနှင့် အကြံပြုလမ်းညွှန်မှုများ ဆောင်ရွက်ခြင်း၊

(ဃ) ကြားကာလ ပြည်နယ်၏ လိုအပ်ချက်များအတွက် အထောက်အကူပြုကော်မတီ များ ဖွဲ့စည်းနိုင်ရန် ညှိနှိုင်းတိုင်ပင် အကြံပေးခြင်း၊

(င) ကြားကာလပြည်နယ် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ် များအတွက် မူဝါဒအရ ထိန်းကျောင်းခြင်းနှင့် လမ်းညွှန်မှုများပေးခြင်း၊

(စ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)၊ ကြားကာလ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) တို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဆ) အသွင်ကူးပြောင်းရေးကာလနှင့် ဖယ်ဒရယ်တည်ဆောက်ရေးကာလအတွက် ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု ဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဇ) အသွင်ကူးပြောင်းရေးဆိုင်ရာ စီမံချက်များအား လုပ်ငန်းစဉ်ချမှတ် အကောင် အထည်ဖေါ်ဆောင်ရွက်ခြင်း၊

(ဈ) အဖွဲ့ဝင်များအကြား အငြင်းပွားမှုများအား ကိုင်သွယ်ဖြေရှင်းခြင်း၊

(ည) ပြည်နယ်တရားရုံးချုပ်နှင့် တရားရုံးချုပ်တရားသူကြီးများ ခန့်အပ်နိုင်ရေး အတွက် ပြည်နယ် အတိုင်ပင်ခံကောင်စီအတွင်း ညှိနှိုင်းတိုင်ပင်အကြံပြုခြင်း၊

(ဋ) ပြည်နယ်အတွင်းတရားရုံးအဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်အတိုင်ပင်ခံကောင်စီအတွင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေး အကြံပြုခြင်း၊

(ဌ) ပြည်နယ်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပြည်နယ်အတွင်းရှိ လက်နက်ကိုင် အင်အားစုများအကြား စည်းလုံးညီညွတ်ရေးအား တည်ဆောက်သွားရန်အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း၊

(ဍ) ကရင်နီပြည်နယ်၏ အင်အားစုအသီးသီးနှင့် ညှိနှိုင်းဆွေးနွေး ချိတ်ဆက် ဆောင်ရွက်ခြင်းမှတဆင့် ကြားကာလအစီအမံများအား အတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် လိုအပ်သည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်း နှင့် လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဎ) ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းများ ထိရောက်စွာ အကောင်အထည် ဖေါ်ဆောင်ရွက်နိုင်ရေးအတွက် သင့်တော်သည့် ဒေသတစ်ခုတွင် ပြည်နယ် အတိုင်ပင်ခံကောင်စီရုံးအား ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(ဏ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရ တို့တွင် တာဝန်ထမ်းဆောင်ရန် ကိုယ်စားလှယ်များရွေးချယ်စေလွှတ်ခြင်း၊
(တ) စစ်အာဏာရှင်ကျဆုံးရေးနှင့် အာဏာရှင်စနစ် အမြစ်ပြတ်ချုပ်ငြိမ်းရေးအတွက် ပြည်သူလူထု တစ်ရပ်လုံးနှင့် ပူးပေါင်း၍ တော်လှန်ရေးကို ဆောင်ရွက်ခြင်း၊
(ထ) ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လိုအပ်သည့် နည်းပညာ အထောက်အကူအဖွဲ့၊ လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ၎င်းတို့၏ တာဝန်၊ ဝတ္တရားများကို ရေးဆွဲပြဋ္ဌါန်းခြင်း၊
(ဒ) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင်လည်းကောင်း၊ ယင်းနှင့်ဆက်စပ်သည့် ဆက်စပ်ကော်မတီများ (JCC) တွင်လည်းကောင်း၊ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) တွင်လည်းကောင်း စေလွှတ်ထားသည့် ပုဂ္ဂိုလ်များအား အခန်းကဏ္ဍအလိုက် လိုအပ်ပါက ပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) အစည်းအဝေးများတွင် ခေါ်ယူဆွေးနွေးခြင်း၊
(ဓ) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင်လည်းကောင်း၊ ယင်းနှင့်ဆက်စပ်သည့် ဆက်စပ်ကော်မတီများ (JCC) တွင်လည်းကောင်း စေလွှတ်ထားသည့် ပုဂ္ဂိုလ်များအား ပြောင်းလဲခန့်အပ်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းများကို ဆောင်ရွက်ခြင်း၊
(န) ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် မူဝါဒများ၊ အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်း။

## ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) ၏ ကိုယ်စားလှယ်အဖြစ် စေလွှတ်ခြင်းခံရပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တွင် ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ကိုယ်စားလှယ်များ အခန်းကဏ္ဍ။

၁၁။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တွင် ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသော ကိုယ်စားလှယ်များသည် -
(က) အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ပေးအပ်ထားသော တာဝန်ဝတ္တရားများကို အဓိကအကောင်အထည်ဖေါ်ဆောင်ရန် တာဝန်ရှိသည်။
(ခ) သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် ကရင်နီပြည်နယ် အုပ်ချုပ်ရေးကောင်စီနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်။
(ဂ) ကရင်နီပြည်နယ် အုပ်ချုပ်ရေးကောင်စီ အစည်းအဝေးများတွင် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများအတွက် တက်ရောက်အကြံပြု ဆွေးနွေးချပြနိုင်သည်၊ သို့သော် ကရင်နီပြည်နယ်၏ အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များသည် ပြည်နယ်အုပ်ချုပ်ရေး ကောင်စီဝင် အများစု၏ အဆုံးအဖြတ်သည်သာ အတည်ဖြစ်သည်။

## ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) ၏ ကိုယ်စားလှယ်အဖြစ် စေလွှတ်ခြင်းခံရပြီး အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) နှင့် ဆက်စပ်ကော်မတီများ (JCC) များတွင် တာဝန်ယူ ဆောင်ရွက်နေသည့် ကိုယ်စားလှယ်များ အခန်းကဏ္ဍ။

၁၂။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) နှင့် ဆက်စပ်ကော်မတီများ (JCC) များတွင် တာဝန်ယူဆောင်ရွက်နေသော ကိုယ်စားလှယ်များသည် -

(က) ကိုယ်စားလှယ်များသည် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ဆက်စပ်ကော်မတီများတွင် မပျက်မကွက် တက်ရောက်ပြီး ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီနှင့် ချိတ်ဆက်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီအတွင်းတွင် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်းများ လိုအပ်ပါက ပြည်နယ်အတိုင်ပင်ခံကောင်စီ အစည်းအဝေးများသို့ တက်ရောက်နိုင်ရန် ပြည်နယ်အတိုင်ပင်ခံကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြ တောင်းခံရမည်။

(ဂ) ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ အစည်းအဝေးများတွင် တက်ရောက် ဆွေးနွေးနိုင်သော်လည်း အဆုံးအဖြတ်သည် ပြည်နယ်အတိုင်ပင်ခံကောင်စီဝင် အများ၏ အဆုံးအဖြတ်သာ အတည်ဖြစ်သည်။

# အခန်း (၂)

# နိုင်ငံရေးလမ်းပြမြေပုံ

(Road Map)

## နိုင်ငံရေးလမ်းပြမြေပုံ (အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်)

၁၃။ ကြားကာလ ကရင်နီပြည်နယ်၏ နိုင်ငံရေးလမ်းပြမြေပုံအား အောက်ပါအတိုင်း ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

(က) ပြည်နယ် ပါဝင်ဆက်နွယ်သူများ (stakeholders) များ၏ ညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အခြားတိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ အခြားအင်အားစုများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်နယ်အတိုင်ပင်ခံကောင်စီ အဖွဲ့ဝင်အဖွဲ့အစည်းများအကြား ပြည်နယ်၏ကြားကာလအစီအမံအား မူကြမ်းရေးဆွဲခြင်းနှင့် အတည်ပြုခြင်း၊

(ဃ) ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအတွင်းရှိ တော်လှန်ရေးအင်အားစုများအားလုံးပါဝင်သည့် ညီလာခံတွင် ပြည်နယ်ကြားကာလအစီအမံအား ထပ်လောင်းအတည်ပြုခြင်း၊

(င) ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအား ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်း၊

(စ) ကြားကာလပြည်နယ် အုပ်ချုပ်ရေးကောင်စီအား ဖွဲ့စည်းခြင်း၊

(ဆ) လူထုအား ပြည်နယ်ကြားကာလ အစီအမံများနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းချပြခြင်း၊

(ဇ) အသွင်ကူးပြောင်းရေးကာလအတွက် ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်း၊

(ဈ) ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကရင်နီပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်း လုပ်ငန်းစဉ်ရေးဆွဲချမှတ်ခြင်း၊

# အခန်း (၃)

# ပြည်နယ်၏ အင်္ဂါရပ်

## ပြည်နယ်၏ အကျယ်အဝန်းနှင့် ဖွဲ့စည်းမှု

၁၄။ ပြည်နယ်၏ ကြားကာလ အစီအမံတွင် ပြည်နယ်၏ အကျယ်အဝန်းနှင့် ပထဝီအနေအထားသည် သမိုင်းအစဉ်အလာအရ တည်ရှိခဲ့သည့် ကရင်နီပြည်နယ်၏ နယ် (၄) နယ်ကို အခြေခံ၍ ကန္တရဝတီနယ်၊ ကြယ်ဖိုးကြီးနယ်၊ ဘောလခဲနယ်နှင့် မိုးဗြဲနယ် အပါအဝင် ကရင်နီအမျိုးသားများ တစ်ဆက်တစ်စပ်တည်း နေထိုင်သော ဒေသများ တို့ဖြင့် နိုင်ငံရေးအရ ပြန်လည်စုစည်းပြီး၊ ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင် ပြည်နယ် တစ်ပြည်နယ်ဖြစ်သည်။

## အာဏာပိုင်းခြားသတ်မှတ်ခြင်း

၁၅။ ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော မဏ္ဍိုင်သုံးရပ်သည် သီးခြားစီ အာဏာရှိ၍ အပြန်အလှန်ထိန်းကျောင်းမှုကို ဤကြားကာလ အစီအမံမှ အာမခံပေးသည်။

# အခန်း (၄)

# ကြားကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခြေခံအခွင့်အရေးနှင့် လုပ်ငန်းစဉ်များ

## အမျိုးသမီးနှင့် ကလေးသူငယ်အရေးဆိုင်ရာ အစီအမံများ

၁၆။ (က) လိင်ကွဲပြားမှုအပေါ် အခြေမခံပဲ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စသည့် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ ပါဝင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်များ ရှိအောင် အစီအမံများ ထားရှိရမည်။

(ခ) အမျိုးသမီးများအား နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းခွင်များတွင် ခွဲခြားမှုမရှိစေဘဲ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ပါဝင်ဆုံးဖြတ် လုပ်ဆောင်နိုင်ရေးအတွက် အထူးလုပ်ငန်း စီမံဆောင်ရွက်ချက်များ ချမှတ်ဖော်ဆောင်ခွင့်ရှိရမည်။

(ဂ) အမျိုးသမီးနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာနှင့် အကြမ်းဖက်မှု အမျိုးမျိုးမှ အကာအကွယ်ပေးနိုင်သော လုပ်ငန်းစဉ်များ အထူးချမှတ်ဆောင်ရွက်ရမည်။

(ဃ) စစ်ဘေးရှောင်အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်မှု လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(င) မိခင်နှင့်ကလေး၊ ကိုယ်ဝန်သည် မိခင်လောင်းများအတွက် လိုအပ်သော ကျန်းမာရေးနှင့် အဟာရ လိုအပ်ချက်များအတွက် စီမံဆောင်ရွက်ရမည်။

## လူငယ်ဆိုင်ရာအခွင့်အရေးဆိုင်ရာ အစီအမံ

၁၇။ (က) လူငယ်များနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ လူမှုစီးပွားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်သည့် နေရာများတွင် လူငယ်များ ပါဝင်ဆောင်ရွက်ခွင့်ရှိရမည်။

(ခ) လူငယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရ၏ နှစ်စဉ်ဘဏ္ဍာငွေလျာထားသုံးစွဲရမည်။

(ဂ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေး စသည့်အခန်းကဏ္ဍအလိုက် လုပ်ငန်းစဉ်များချမှတ် ဆောင်ရွက်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍ ထည့်သွင်း ဆောင်ရွက်ရမည်။

(ဃ) လူငယ်ရေးရာ ကိစ္စအဝဝကို ဆောင်ရွက်ရန်အတွက် လူငယ်ရေးရာကော်မတီကို ဖွဲ့စည်းရမည်။

## လူသားချင်းစာနာမှုဆိုင်ရာနှင့် စစ်ဘေးဒုက္ခသည်များဆိုင်ရာ အစီအမံများ

၁၈။ (က) စစ်ဘေးဒုက္ခသည်များအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများရရှိရေးနှင့် အခြေခံလိုအပ်ချက်များဖြစ်သော စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ရမည်။

(ခ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အစီအမံများကို အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) နှင့်သော်လည်းကောင်း၊ နိုင်ငံတကာနှင့်သော်လည်းကောင်း ချိတ်ဆက်၍ နည်းပညာအထောက်အကူများ ရယူခြင်း၊ ငွေကြေးအထောက်အကူများ ရယူခြင်းနှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအတွက် ပြန်လည်ကုသခြင်းနှင့် ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်မှုဖြင့် ချမှတ်ဆောင်ရွက်ရမည်။

(ဃ) စစ်ဘေးဒုက္ခသည်များကို ထိရောက်စွာ ကူညီပေးနိုင်ရန်အတွက် လိုအပ်သော နည်းနာများ၊ ယန္တရားများ လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရေး အကြံပြုလမ်းစဉ်ညွှန်မှုများ ပြုလုပ်ပေးရမည်။

## ပြည်နယ်ပညာရေးဆိုင်ရာ အစီအမံများ

၁၉။ (က) အခြေခံပညာရေး ရရှိခံစားခွင့် မဆုံးရှုံးစေရန်အတွက် ကြားကာလပညာရေး အစီအမံများအား သက်ဆိုင်ရာ အစုအဖွဲ့အသီးသီးနှင့် ချိတ်ဆက်၍ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) ကြားကာလမှစတင်၍ ကရင်နီပြည် ပညာရေးစနစ်တွင် မိခင်ဘာသာစကား အခြေပြုနှင့် ဘာသာစကားစုံ သင်ကြားရေးစနစ်အား (Mother Tongue Based-Multilingual Education (MTB-MLE) ကို စတင်အကောင်အထည်ဖေါ် ဆောင်ရွက်သွားရမည်။

(ဂ) လူ့အခွင့်အရေးနှင့် ကျား၊မ (Gender) သာတူညီမျှမှုကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ် ဖြစ်ရမည်။

(ဃ) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများ တရားဝင် ရပ်တည်ခွင့်ရှိရမည်။

(င) ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်သည့်အပြင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ရမည်။

(စ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်တံ့ခိုင်မြဲရေးကို ဖော်ဆောင်သော ပညာရေးစနစ် ဖြစ်ရမည်။

(ဆ) ကြားကာလတွင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ ပညာရေး အဖွဲ့အစည်းများက အကောင်အထည်ဖော်လျက်ရှိသော ပညာရေးစနစ်နှင့် ပညာရေးဝန်ထမ်းများအပြင် ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်နေသော ပညာရေး ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းများအား တရားဝင် အသိအမှတ်ပြုရမည်။

(ဇ) ကြားကာလတွင် ပြည်နယ်နှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများက ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းသည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု၏ အမျိုးသားပညာရေး မူဝါဒ၊ သင်ရိုးညွှန်းတမ်း စံနှုန်းတို့နှင့် ချိတ်ဆက်ရမည်။

(ဈ) ကြားကာလတွင် တိုင်းရင်းသားဒေသများအတွင်း နိုင်ငံတကာပညာရေးဆိုင်ရာ အကူအညီကိစ္စများ ကူညီထောက်ပံ့ရာတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ည) ကြားကာလတွင် နိုင်ငံမဲ့ဖြစ်နေသော ကလေးသူငယ် မြန်မာနိုင်ငံသားများအား ပညာသင်ကြားခွင့် ရရှိရေးဆောင်ရွက်ပေးရမည်။

(ဋ) ပြည်နယ်အတွင်း ပညာရေးအဖွဲ့အစည်းများအားလုံးကို အသိအမှတ်ပြု၍ ချိတ်ဆက် ဆောင်ရွက်ရမည်။

(ဌ) ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများသည် အသင်းအဖွဲ့များ၊ သမဂ္ဂ များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုရမည်။

(ဍ) တော်လှန်ရေးတွင် ပါဝင်နေကြသော သူများ၏ ပညာဆက်လက်သင်ကြား ပိုင်ခွင့်ကို ဆောင်ရွက်ရမည်။

## ပြည်နယ်ကျန်းမာရေးဆိုင်ရာ အစီအမံများ

၂၀။ (က) ကြားကာလ လူထုကျန်းမာရေး စောင့်ရှောက်မှု ပိုမိုရရှိနိုင်ရေးနှင့် လက်လှမ်းမှီ နိုင်ရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက် ၍ အစီအမံများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) တော်လှန်ရေးကာလအတွင်း ပြည်သူလူထုအတွက် လိုအပ်သော အရေးပေါ်နှင့် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများအတွက် ဝန်ဆောင်မှုပေးနိုင်ရန် စီမံ ဆောင်ရွက်ရမည်။

(ဂ) တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကို မြှင့်တင်ပြီး အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်မည်။

(ဃ) ကျန်းမာရေးလုပ်သားများအား တရားဝင်အသိအမှတ်ပြုမှု လုပ်ငန်းစဉ်များ ဆောင်ရွက်မည်။

(င) နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတူတကွလက်တွဲပြီး ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်း လုပ်ငန်းများကို ကဏ္ဍအလိုက် ထိထိရောက်ရောက် စီမံဆောင်ရွက်မည်။

(စ) ကျန်းမာရေးလုပ်သားများ၏ ဘဝလုံခြုံမှုကို အကာအကွယ်ပေးနိုင်သော အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဆ) ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဇ) အခြေခံကျောင်းများနှင့် တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများနှင့် ကျောင်းလှုပ်ရှားမှုများတွင် ကျန်းမာရေး ပညာပေးအစီအစဉ်များကို ထည့်သွင်းအကောင်အထည်ဖော်ရမည်။

## ပြည်သူ့ အာဏာဖီဆန်ဆန့်ကျင်လှုပ်ရှားမှု (Civil Disobedience Movement - CDM) တွင် ပါဝင်သော ဝန်ထမ်းများဆိုင်ရာ အစီအမံများ၊

၂၁။ (က) CDM ဝန်ထမ်းများအား တစ်ဦးတစ်ဖွဲ့ချင်းစီ၏ ဌာနအလိုက်၊ ကျွမ်းကျင်မှုအရည်အချင်းအလိုက်၊ အတွေ့အကြုံများအလိုက် သင့်တော်သည့် လုပ်ငန်းဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လုပ်ငန်းအစီအမံများရေးဆွဲချမှတ် အကောင်အထည်ဖေါ် ဆောင်ရွက်ပေးရမည်။

(ခ) CDM ဝန်ထမ်းများအား ထောက်ပံ့ရေး လုပ်အားလစာကို စနစ်တကျသတ်မှတ်ဆောင်ရွက်ရမည်။

(ဂ) ထောက်ပံ့မှုများအတွက် တိကျသေချာသည့် မှတ်တမ်းစာရင်းများပြုစု၍ ညီတူညီမျှ ထောက်ပံ့မှု ရရှိစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရမည်။

(ဃ) CDM ဝန်ထမ်းများအား အသွင်ကူးပြောင်းကာလတွင် သက်ဆိုင်ရာ ဌာနအလိုက် ဦးစားပေး ခန့်အပ်တာဝန် ပေးအပ်ခြင်းများဆိုင်ရာ အစီအမံများကို ပြင်ဆင် ဆောင်ရွက်ထားရှိရမည်။

(င) အသွင်ကူးပြောင်းရေးကာလတွင် CDM ဝန်ထမ်းများ၏ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးခဲ့မှုများကို ပြန်လည်ကုစားပေးသည့် အစီအမံများချမှတ်ဖော်ဆောင်ရမည်။

## လူနည်းစုအခွင့်အရေးဆိုင်ရာ အစီအမံ

၂၂။ (က) မည်သူမဆို မိမိ၏ မျိုးနွယ်စုဆိုင်ရာ အမျိုးသားရေး လက္ခဏာများ၊ သမိုင်းအမွေနှစ်များ၊ ဘာသာစကားနှင့် စာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို လွတ်လပ်စွာ ထိန်းသိမ်းဆောင်ရွက်ခွင့်ရှိသည်။

(ခ) လူနည်းစုများ၏ နိုင်ငံရေးပါဝင်မှုကို အလေးနက်ထား ဖော်ဆောင်ပေးရမည်။

(ဂ) ပြည်နယ်အတိုင်ပင်ခံကောင်စီသည် ပြည်နယ်အတွင်းရှိ လူမျိုးများနှင့် လူနည်းစုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ မူဝါဒလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများအား အတိအလင်း ထုတ်ပြန်ရမည်။

## လူ့အခွင့်အရေးချိုးဖေါက်ခံရမှုနှင့် ပြန်လည်ကုစားခြင်းဆိုင်ရာ အစီအမံများ

၂၃။ (က) ကြားကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို စာရင်းမှတ်တမ်းများကို မြေပြင်ရှိ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်၍ စနစ်တကျပြုစုခြင်းများကို ပြုလုပ်ရမည်။

(ခ) ကြားကာလ လူ့အခွင့်အရေးချိုးဖေါက်ခံရမှုများအတွက် တရားမျှတမှု ဖော်ဆောင်နိုင်ရေးနှင့် ပြန်လည်ကုစားနိုင်ရေးအတွက် အသွင်ကူးပြောင်းကာလ တရားမျှတမှု (Transitional Justice) လုပ်ငန်းစဉ်များကို ကော်မရှင်များဖွဲ့စည်း၍ ဖော်ဆောင်မည်။

## မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ အစီအမံများ

၂၄။ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ၏ လူမှုဘဝဖူလုံရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအမံများ ဆောင်ရွက်ထားရှိရမည်။

## အခန်း (၅)

# ကြားကာလ ကရင်နီပြည်နယ်အုပ်ချုပ်ရေး

### ပြည်နယ်၏ အုပ်ချုပ်ရေးအာဏာ သက်ရောက်မှုအတိုင်းအတာ၊

၂၅။ ပြည်နယ်၏ ကြားကာလ အစီအမံတွင် ပြည်နယ်၏ အကျယ်အဝန်းနှင့် ပထဝီအနေအထားသည် သမိုင်းအစဉ်အလာအရ တည်ရှိခဲ့သည့် ကရင်နီပြည်နယ်၏ နယ် (၄) နယ်ကို အခြေခံ၍ ကန္တရဝတီနယ်၊ ကြယ်ဖိုးကြီးနယ်၊ ဘောလခဲနယ်နှင့် မိုးဗြဲနယ် အပါအဝင် ကရင်နီအမျိုးသားများ တစ်ဆက်တစ်စပ်တည်း နေထိုင်သော ဒေသများ တို့ဖြင့် နိုင်ငံရေးအရ ပြန်လည်စုစည်းပြီး၊ ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင် ပြည်နယ် တစ်ပြည်နယ်ဖြစ်သည်။

### အုပ်ချုပ်ရေးနယ်မြေ စုဖွဲ့မှု

၂၆။ ကြားကာလ ကရင်နီပြည်နယ်၏ အုပ်ချုပ်ရေးနယ်မြေအား စုဖွဲ့ရာတွင် နယ်အုပ်ချုပ်ရေး ကောင်စီ (၄) ခု အားအခြေခံ၍ ဖွဲ့စည်းသွားရမည်။

### မြို့နယ်များစုဖွဲ့မှု နှင့် အုပ်ချုပ်မှု

၂၇။ ကြားကာလ ကရင်နီပြည်နယ်၏ အုပ်ချုပ်ရေးဆိုင်ရာ မြို့နယ်များကို (၁၉) မြို့နယ် အဖြစ် သတ်မှတ်ပြီး ကရင်နီပြည်နယ်၏ အုပ်ချုပ်ရေးအဖွဲ့သည် နဂိုမူလတည်ဆောက်ပြီးသည့် ပြည်နယ်အတွင်း တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်၍ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

### ကရင်နီပြည်နယ် အုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းခြင်း

၂၈။ ပြည်နယ်အတိုင်ပင်ခံကောင်စီသည် ကြားကာလ ကရင်နီပြည်နယ်၏ အုပ်ချုပ်ရေး ကောင်စီအား ပြည်နယ်အတိုင်ပင်ခံကောင်စီအတွင်း ညှိနှိုင်း၍ အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်းရမည်။

(က) ပြည်နယ် အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊
(ခ) ပြည်နယ် အုပ်ချုပ်ရေးကောင်စီ ဒု ဥက္ကဋ္ဌ ၁၊
(ဂ) ပြည်နယ် အုပ်ချုပ်ရေးကောင်စီ ဒု ဥက္ကဋ္ဌ ၂၊
(ဃ) ပြည်နယ် အုပ်ချုပ်ရေးကောင်စီ အထွေထွေ အတွင်းရေးမှူး၊
(င) ပြည်နယ် အုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ၁၊
(စ) ပြည်နယ် အုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ၂၊
(ဆ) ပြည်နယ် အုပ်ချုပ်ရေးကောင်စီ ဘဏ္ဍာရေးမှူး၊
(ဇ) ပြည်နယ်ရေးရာ ကော်မတီတာဝန်ခံများ။

## ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌများ၏ အရည်အချင်း၊

၂၉။ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများသည် အောက်ပါအရည်အချင်းနှင့် ပြည့်စုံရမည်။

(က) နိုင်ငံရေး စစ်ရေး အုပ်ချုပ်ရေးကို ဆင်ခြင်သုံးသပ်နိုင်သည့် အမြော်အမြင်ရှိသူဖြစ်ရမည်၊

(ခ) နိုင်ငံတကာနှင့် မဟာမိတ်ဆက်ဆံရေးကို ဆောင်ရွက်နိုင်သူဖြစ်ရမည်၊

(ဂ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုထောက်ခံမှုရှိသူဖြစ်ရမည်၊

(ဃ) ကရင်နီပြည်နှင့် ကရင်နီအမျိုးသားများအတွက် ကိုယ်ကျိုးစွန့်၊ အနစ်နာခံဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊

(င) ကရင်နီသမိုင်းနှင့် လူထုဘဝအခြေအနေမှန်အား ဝေဖန်၊ ခွဲခြမ်းသုံးသပ်နိုင်သူဖြစ်ရမည်၊

(စ) ကရင်နီပြည်၏ ကြားကာလ အစီအမံများကို လက်ခံပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊

(ဆ) မိခင်အဖွဲ့အစည်း၏ မူဝါဒများအား ကောင်းမွန်စွာ သိရှိနားလည်ကြေညက်ပြီး ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်သည့် အတွင်းရေးမှူးများနှင့် အထက်ရာထူးရှိသူဖြစ်ရမည်၊

(ဇ) ကရင်နီပြည်နယ်အတွင်း တစ်ဆက်စပ်တည်း အနည်းဆုံး (၁၀) နှစ်နေထိုင်ခဲ့သည့် ပြည်နယ်သားဖြစ်သူ ဖြစ်ရမည်၊

(ဈ) ပုဂ္ဂိုလ်စွဲ၊ အုပ်စုစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ ရှိသူမဖြစ်စေရ၊

(ည) ပြည်နယ်အတိုင်ပင်ခံကောင်စီတင်ပါဝင်မည့် အဖွဲ့အစည်းကိုယ်စားပြု ပုဂ္ဂိုလ်များသည် စစ်အာဏာရှင်နှင့် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် အဖက်ဖက်က တွန်းလှန်တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းမှ ဖြစ်ရမည်၊

(ဋ) အဖွဲ့အစည်း ကိုယ်စားပြုကိုယ်စားလှယ်သည် စစ်ကောင်စီနှင့် စစ်ရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းမှ မဖြစ်စေရ။

## ပြည်နယ် အုပ်ချုပ်ရေးကောင်စီ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၏ အရည်အချင်း၊

၃၀။ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

(က) လက်ရှိနိုင်ငံရေးအခြေအနေအား လေ့လာသုံးသပ်နိုင်သူဖြစ်ရမည်၊

(ခ) မဟာမိတ်ဆက်ဆံရေးကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သူဖြစ်ရမည်၊

(ဂ) ကရင်နီပြည်နယ်နှင့် ကရင်နီအမျိုးသားများအတွက် ကိုယ်ကျိုးစွန့်၊ အနစ်နာခံဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊

(ဃ) ပြည်နယ်ကောင်စီဥက္ကဋ္ဌများအား အထောက်အကူပြု ကူညီဆောင်ရွက်ပေးနိုင်သူ ဖြစ်ရမည်၊
(င) ကရင်နီပြည်၏ ကြားကာလ အစီအမံများကို လက်ခံပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊
(စ) ပြည်နယ်ကော်မတီများအား ဦးဆောင်လမ်းညွှန်မှု ပေးနိုင်သူဖြစ်ရမည်၊
(ဆ) နိုင်ငံရေးနှင့် လုပ်ငန်းအတွေ့အကြုံကောင်းမွန်သူဖြစ်ရမည်၊
(ဇ) ကရင်နီပြည်နယ်အတွင်း တစ်ဆက်စပ်တည်း အနည်းဆုံး (၁၀) နှစ်နေထိုင်ခဲ့သည့် ပြည်နယ်သားဖြစ်သူ ဖြစ်ရမည်၊
(ဈ) ပုဂ္ဂိုလ်စွဲ၊ အုပ်စုစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ ရှိသူမဖြစ်စေရ၊
(ည) ပြည်သူလူထု ထောက်ခံမှု တစ်စုံတစ်ရာရရှိသူ ဖြစ်ရမည်၊
(ဋ) ပြည်နယ်အတိုင်ပင်ခံကောင်စီတင်ပါဝင်မည့် အဖွဲ့အစည်း ကိုယ်စားပြု ပုဂ္ဂိုလ်များသည် စစ်အာဏာရှင်နှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် အဖက်ဖက်ကတွန်းလှန်တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းမှ ဖြစ်ရမည်၊
(ဌ) အဖွဲ့အစည်း ကိုယ်စားပြုကိုယ်စားလှယ်သည် စစ်ကောင်စီနှင့် စစ်ရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းမှ မဖြစ်စေရ။

## ပြည်နယ် အုပ်ချုပ်ရေးကောင်စီဝင်များ၏ အရည်အချင်း၊

၃၁။ ပြည်နယ် အုပ်ချုပ်ရေးကောင်စီ ကောင်စီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။
(က) ပြည်နယ်အဆင့် ကော်မတီ တာဝန်ခံများဖြစ်ရမည်၊
(ခ) သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကျွမ်းကျင်မှုနှင့် ဦးဆောင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊
(ဂ) ကရင်နီပြည်နှင့် ကရင်နီအမျိုးသားများအတွက် ကိုယ်ကျိုးစွန့်၊ အနစ်နာခံဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊
(ဃ) ကရင်နီပြည်၏ ကြားကာလ အစီအမံများကို လက်ခံပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊
(င) သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းမှ ထောက်ခံပေးနိုင်သူဖြစ်ရမည် သို့မဟုတ် နည်းပညာအရ ကျွမ်းကျင်ပြီး ပြည်နယ်အတိုင်ပင်ခံကောင်စီမှ အများစုထောက်ခံသူ ဖြစ်ရမည်၊
(စ) နိုင်ငံရေးနှင့် လုပ်ငန်းအတွေ့အကြုံကောင်းမွန်သူဖြစ်ရမည်၊
(ဆ) ကရင်နီပြည်နယ်အတွင်း တစ်ဆက်စပ်တည်း အနည်းဆုံး (၁၀) နှစ် နေထိုင်ခဲ့သည့် ပြည်နယ်သား ဖြစ်သူဖြစ်ရမည်၊
(ဇ) အများပြည်သူ၏ ထောက်ခံမှု တစ်စုံတစ်ရာရရှိသူ ဖြစ်ရမည်။

## ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၂။ (က) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ အောက်ပါတာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

(၁) ပြည်နယ်ကြားကာလ အစီအမံအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ခြင်း၊

(၃) ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ နိုင်ငံရေးလမ်းညွှန်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၄) အစည်းအဝေးများ ကျင်းပခြင်း၊

(၅) နှစ်စဉ်လုပ်ငန်းစဉ်နှင့် အစီရင်ခံစာကို ပြည်နယ်အတိုင်ပင်ခံကောင်စီသို့ တင်ပြခြင်း၊

(၆) စစ်အာဏာရှင်နှင့် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးဆိုင်ရာ အရေးတော်ပုံအောင်ရန် မဟာမိတ်အင်အားစုအသီးသီးနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း။

(ခ) ပြည်နယ်အုပ်ချုပ်ရေးကောင်စီသည် -

(၁) ပြည်နယ်ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ကော်မတီနှင့် အဖွဲ့များ ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများ ကြီးကြပ်စီမံခြင်း၊ အခြားအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုနိုင်သည်။

(၂) ကြားကာလပြည်နယ်ဥပဒေ ရေးဆွဲရေးကော်မတီသို့ နည်းဥပဒေနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းနှင့် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

(၃) အမျိုးသားညီညွတ်ရေးအစိုးရနှင့်သော်လည်းကောင်း၊ အခြားပြည်နယ်/ဖယ်ဒရယ်ယူနစ် အုပ်ချုပ်ရေးအဖွဲ့များနှင့်သော်လည်းကောင်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

(၄) အမျိုးသားညီညွတ်ရေးအစိုးရနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရန်အတွက် လိုအပ်လျှင် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီမှ ကိုယ်စားလှယ်အဖြစ် စေလွှတ်ထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တွင် ဝန်ကြီးများအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ခေါင်းဆောင်များအား အုပ်ချုပ်ရေးကောင်စီ အစည်းအဝေးများတွင် တက်ရောက်ရန် ဖိတ်ခေါ်နိုင်သည်။

(၅) အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လူ့အရင်းအမြစ်များ ခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်း မြှင့်တင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(၆) အုပ်ချုပ်ရေးကောင်စီတွင် လိုအပ်သည့် ကော်မတီများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်း ပြုလုပ်ရန် လိုအပ်ပါက ပြည်နယ်အတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

(ဂ) ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသား ညီညွတ်ရေးအစိုးရနှင့်သော်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ နှင့်သော်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

(ဃ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် မူဝါဒ များကို ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ သဘောတူညီချက်ဖြင့် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

## ကရင်နီပြည်နယ်အုပ်ချုပ်ရေးကောင်စီအားဖွဲ့စည်းခြင်းနှင့် ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း

၃၃။ (က) ပြည်နယ်အတိုင်ပင်ခံကောင်စီ အဖွဲ့ဝင်အဖွဲ့အစည်းများသည် ကရင်နီပြည်နယ် အုပ်ချုပ်ရေးကောင်စီ၏ ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌများ ရာထူးများအတွက် ပုဒ်မ ၂၉ တွင် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကိုယ်စားလှယ်လောင်း အမည် စာရင်းကို ပြည်နယ်အတိုင်ပင်ခံကောင်စီသို့ တင်သွင်းနိုင်သည်။

(ခ) ပြည်နယ်အတိုင်ပင်ခံကောင်စီသည် အဖွဲ့ဝင်အဖွဲ့အစည်းများက အမည်စာရင်း တင်သွင်းလာသည့် ကိုယ်စားလှယ်လောင်းများထဲမှ ပြည်နယ်ကောင်စီ ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌများကို ညှိနှိုင်း၍ ရွေးချယ်သွားရမည်။

(ဂ) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ပုဒ်မ ၃၀၊ ပုဒ်မ ၃၁ ပါ သတ်မှတ် အရည်အချင်းများနှင့်အညီ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ အထွေထွေ အတွင်းရေးမှူး၊ အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးနှင့် ပြည်နယ်ရေးရာ ကော်မတီတာဝန်ခံ ရာထူးများအတွက် အမည်စာရင်းပြုစု၍ ပြည်နယ် အတိုင်ပင်ခံကောင်စီ၏ သဘောတူညီချက်ဖြင့် အတည်ပြုခန့်အပ်ရမည်။

## ပြည်နယ် အုပ်ချုပ်ရေးကောင်စီဝင်များ၏ သက်တမ်း

၃၄။ ပြည်နယ်အုပ်ချုပ်ရေးကောင်စီဝင်များ၏ သက်တမ်းသည် တော်လှန်ရေးကာလ သို့မဟုတ် ကြားကာလ ပြီးဆုံးသည့် အချိန်အထိဖြစ်သည်။ သို့သော် နိုင်ငံရေး အခြေအနေအရ ကြားကာလ သက်တမ်းသည် (၄) နှစ်ထက် ပိုမိုကြာမြင့်မည်ဆိုပါက ယင်းပြည်နယ်အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအား ကရင်နီပြည်နယ် ကြားကာလ အစီအမံများနှင့်အညီ ပြန်လည်ရွေးချယ်ဖွဲ့စည်းသွားရမည်။

## ပြည်နယ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား အရေးယူခြင်း

၃၅။ (က) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များကို အောက်ပါအကြောင်းအရာများ အနက် တစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု တွေ့ရှိပါက ကောင်စီအဖွဲ့ဝင်များကို စုံစမ်းစစ်ဆေး အရေးယူရမည်။

(၁) ကရင်နီပြည်နယ်ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊

(၂) ကြားကာလအစီအမံ (သို့မဟုတ်) အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေနှင့် စည်းမျဉ်းများထဲမှ တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊ အဂတိလိုက်စားခြင်း၊

(၄) ရာဇဝတ်မှုတခုခုတွင် ပြစ်မှုထင်ရှားကြောင်းတွေ့ရှိရခြင်း၊

(၅) ပေးအပ်ထားသည့် တာဝန်ဝတ္တရားများအား ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(ခ) အထက်ပါ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) (၂) (၃) (၄)(၅) တွင် ဖော်ပြထားသည့် အချက်များအရ အုပ်ချုပ်ရေး ကောင်စီဝင်များကို စုံစမ်းစစ်ဆေးရာတွင် အရေးပေါ် စုံစမ်းစစ်ဆေးရေး ကော်မီရှင်တစ်ရပ်ကို အုပ်ချုပ်ရေးကောင်စီအဖွဲ့အတွင်း ဖွဲ့စည်းပြီး စစ်ဆေးတွေ့ရှိချက်များကို အုပ်ချုပ်ရေးကောင်စီ၏ အရေးပေါ် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဂ) ပြည်နယ်အုပ်ချုပ်ရေးကောင်စီမှ အရေးယူသင့်သည်ဟု ယူဆလျှင် အုပ်ချုပ်ရေး ကောင်စီဝင်များကို ကရင်နီပြည်နယ်၊ တရားရုံးချုပ်သို့ တရားစွဲဆို တင်ပို့ရမည်။

(ဃ) ကရင်နီပြည်နယ်၊ ပြည်နယ်တရားရုံးချုပ်က အုပ်ချုပ်ရေးကောင်စီဝင်ကို အပြစ် ရှိကြောင်း ဆုံးဖြတ်လျှင် အုပ်ချုပ်ရေးကောင်စီဝင် ရာထူးမှ ထုတ်ပယ်ပြီး တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ရမည်။

## ပြည်နယ်အုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကျင်းပခြင်း

၃၆။ (က) ပြည်နယ်အုပ်ချုပ်ရေးကောင်စီပုံမှန် အစည်းအဝေးကို တစ်လတစ် ကြိမ်ကျင်းပ ရမည်။

(ခ) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ ပုံမှန်အစည်းအဝေးနှင့် အရေးပေါ်အစည်း အဝေးများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

(ဂ) ကရင်နီပြည်နယ် ကောင်စီအရေးပေါ် အစည်းအဝေးများကို အောက်ပါ အခြေ အနေများအပေါ်တွင် ကောင်စီဥက္ကဋ္ဌမှ ခေါ်ယူရမည်။

(၁) ကရင်နီပြည်နယ်၏ အရေးပေါ် ကာကွယ်ရေး၊ လုံခြုံရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ခြင်း၊

(၂) ပြည်နယ်အတွင်း ကော်မတီများ အချင်းချင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ခြင်း၊

(၃) ကရင်နီပြည်နယ် အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်တစ်ဦးဦးအား အပြစ်ပေး အရေးယူ ဆောင်ရွက်ခြင်း၊

(၄) ပြည်နယ်၏ အရေးပေါ်ကာလ ထုတ်ပြန်ရန် လိုအပ်ခြင်း၊

(ဃ) အရေးပေါ်အခြေအနေ တစ်ခုခုအတွက် အစည်းအဝေးခေါ်ယူရန် လိုအပ်ပါက အုပ်ချုပ်ရေး ကောင်စီဝင်များ၏ ထက်ဝက်ကျော်မှ တောင်းဆိုလာသောအခါ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌမှ ခေါ်ယူပေးရမည်။

## အစည်းအဝေးထမြောက်ခြင်း

၃၇။ အစည်းအဝေးတွင် ပြည်နယ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

## အစည်းအဝေး ဆုံးဖြတ်ချက်ချခြင်း

၃၈။ (က) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၏ အရေးကြီးသော ဆုံးဖြတ်ချက်များသည် အစည်းအဝေးသို့ တက်ရောက်လာသော ကောင်စီဝင်များ၏ (၇၅) ရာခိုင်နှုန်း ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၏ သာမန်ဆုံးဖြတ်ချက်များသည် အစည်းအဝေးသို့ တက်ရောက်လာသော ကောင်စီဝင်များ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

## တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

၃၉။ ကြားကာလကရင်နီပြည်နယ်၏ အုပ်ချုပ်ရေးနယ်မြေများဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ယခင်တည်ရှိခဲ့သည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို ပြုလုပ်ရမည်။

## အခန်း (၆)

# လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့် ပြုပြင်ပြောင်းလဲခြင်း

### လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းမှုနှင့် ပြန်လည်ကုစားရေးအစီအမံ

၄၀။ (က) ကရင်နီပြည်နယ်တွင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ လက်နက်များအား အသုံးပြုရန်၊ ထိန်းသိမ်းခြင်းဆိုင်ရာ စီမံခန့်ခွဲမှုများသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီနှင့် ကြားကာလ ပြည်နယ်အုပ်ချုပ်ရေးကောင်စီတို့၏ လမ်းညွှန်မှုအရ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တပ်စီမံခန့်ခွဲရေး ပူးတွဲကော်မတီ ဦးဆောင်မှုအောက်တွင် ရှိရမည်။

(ခ) ကြားကာလ အာဏာရှင်စနစ် ဆန့်ကျင်တော်လှန်ရေး ရည်မှန်းချက် အောင်မြင်ပြီး အလွန် အသွင်ကူးပြောင်းရေးကာလတွင် နွေဦးတော်လှန်ရေးအတွင်း ပေါက်ဖွားလာသော ပြည်နယ်အတွင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် လုံခြုံရေးအဖွဲ့များ (ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့များ) သည် လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်များပူးပေါင်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းများကို လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းခြင်းမူဝါဒ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် အညီ ပြုလုပ်သွားရမည်။ ယင်းအတွက် ကြားကာလမှစ၍ ပြည်နယ်အတိုင်ပင်ခံကောင်စီသည် ကာကွယ်ရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့် စီမံချက် လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဌာန်းထားရမည်။

(ဂ) တော်လှန်ရေးအလွန်တွင် တပ်မှ ထွက်ခွာလိုသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ရမည်။ ထိုသို့ စီမံဆောင်ရွက်ရာတွင် ကျား၊မ (Gender) တန်းတူညီမျှမှုကို ဖော်ဆောင်ရမည်။

(ဃ) ပြည်နယ်အုပ်ချုပ်ရေးကောင်စီနှင့် တော်လှန်ရေးကာလအလွန် ကရင်နီပြည်နယ်အစိုးရသည် -

(၁) တော်လှန်ရေးကာလတစ်လျှောက် ကိုယ်လက်အင်္ဂါများ ပေးဆပ်ခဲ့ရသော တော်လှန်ရေး တပ်ဖွဲ့ဝင်များအား ၎င်းတို့၏ ဘဝပြန်လည်ထူထောင်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၂) တော်လှန်ရေးကာလတစ်လျှောက် ကျဆုံးခဲ့သည့် ရဲဘော်များအား အသိအမှတ်ပြု ဂုဏ်ပြုခြင်းနှင့် ကျန်ရစ်သော မိသားစုဝင်များကို ကူညီထောက်ပံ့ခြင်း အစီအစဉ်များကို ဆောင်ရွက်ရမည်။

(၃) တပ်အတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရှိအောင် စီမံဆောင်ရွက်ပေးရမည်။

# အခန်း (၇)

# ကြားကာလ ကရင်နီပြည်နယ် ဥပဒေပြုရေး

## ကြားကာလ ဥပဒေပြုရေးအာဏာ

၄၁။ ကြားကာလ ကရင်နီပြည်နယ်၏ ဥပဒေပြုရေးအာဏာသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု၏ သဘောဆန္ဒနှင့်အညီ ရွေးကောက်ခံရပြီး အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုသည့် ကရင်နီ ပြည်နယ်အတွင်းရှိ လွှတ်တော်သုံးရပ်၏ ရွေးကောက်ခံကိုယ်စားလှယ်များတွင်ရှိသည်။

## ကရင်နီပြည်နယ် ဥပဒေပြုရေးကော်မတီဖွဲ့စည်းခြင်း

၄၂။ (က) ကြားကာလ ကရင်နီပြည်နယ်၏ ဥပဒေပြုနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီတွင် ရေးဆွဲအတည်ပြု ပြဋ္ဌာန်းထားသော 'ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်' အစိတ်အပိုင်း (၁-၂) နှင့် ကရင်နီပြည်နယ်၏ ကြားကာလအစီအမံ များကို လက်ခံသဘောတူ၍ ပူးပေါင်းဆောင်ရွက်သည့်အပြင် အကြမ်းဖက် အာဏာသိမ်း စစ်အုပ်စုနှင့် လုံးဝပူးပေါင်းဆောင်ရွက်ခြင်း မပြုသော ပုဒ်မ ၄၁ ပါ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကြားကာလ ကရင်နီပြည်နယ် ဥပဒေပြုရေး ကော်မတီကို စုပေါင်းဖွဲ့စည်း၍ ပြည်နယ်၏ ဥပဒေပြုရေးအာဏာ အား အပ်နှင်းသည်။

(ခ) ကြားကာလပြည်နယ်ဥပဒေပြုရေးကော်မတီသည် ကော်မတီဝင် အများစု၏ သဘောဆန္ဒဖြင့် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ရမည်။

## ကြားကာလ ဥပဒေပြုပိုင်ခွင့်

၄၃။ ပြည်နယ်ဥပဒေပြုရေးကော်မတီသည် ပြည်နယ်၏ ကြားကာလ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ကရင်နီပြည်နယ် ကြားကာလ အစီအမံတွင်ပါရှိ သည့် နိုင်ငံရေးဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေး လမ်းပြမြေပုံတို့နှင့်အညီ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်း နိုင်သည်။

## ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

၄၄။ ပြည်နယ်ဥပဒေပြုရေးကော်မတီသည် -

(က) ကြားကာလ ကရင်နီပြည်နယ်၏ လိုအပ်သည့် ဥပဒေပြဋ္ဌာန်း ထုတ်ပြန်နိုင်ရန် အတွက် အတည်ပြု ပြဋ္ဌာန်းထုတ်ပြန်မည့် ဥပဒေကြမ်းအား ပြည်နယ် ကြားကာလအစီအမံနှင့်သော်လည်းကောင်း၊ ကရင်နီပြည်နယ် အတိုင်ပင်ခံ ကောင်စီ၏ မူဝါဒလမ်းညွှန်မှုနှင့်သော်လည်းကောင်း ကိုက်ညီမှုရှိစေရန် ပြည်နယ်အတိုင်ပင် ခံကောင်စီနှင့် ညှိနှိုင်းဆွေးနွေး၍ သဘောတူညီမှု ရယူရမည်။

(ခ) ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ သဘောတူညီချက်ရရှိပြီးလျှင် ယင်းဥပဒေ ကြမ်းအား ဥပဒေအဖြစ် အတည်ပြု ပြဋ္ဌာန်းနိုင်သည်။

## ဥပဒေကြမ်းတင်သွင်းခြင်း

၄၅။ (က) အောက်ပါ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ပြည်နယ်ဥပဒေပြုရေးကော်မတီသို့ ဥပဒေကြမ်း တင်သွင်းခွင့် ရှိသည်။

(၁) ပြည်နယ်ဥပဒေပြုရေးကော်မတီကိုယ်စားလှယ်၊

(၂) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊

(၃) ပြည်နယ်တရားသူကြီးချုပ်။

(ခ) ပြည်နယ်ဥပဒေပြုရေးကော်မတီသည် အပိုဒ်ခွဲ (က) အရ တင်သွင်းလာသည့် ဥပဒေကြမ်းကို ပြည်နယ်ဥပဒေပြုရေးကော်မတီ အစည်းအဝေးတွင် ဆွေးနွေး ဆုံးဖြတ်ခြင်းများပြုရမည်။

## ဥပဒေအတည်ဖြစ်ခြင်း

၄၆။ ပြည်နယ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် -

(က) ပြည်နယ် ဥပဒေပြုရေးကော်မတီမှ အတည်ပြု ပြဋ္ဌာန်းလိုက်သည့် ဥပဒေများ အား ကျင့်သုံးနိုင်ရေးအတွက် လက်ခံရရှိသည့်နေ့မှစ၍ (၁၄) ရက် အတွင်း လက်မှတ်ထိုး ထုတ်ပြန်ရမည်။

(ခ) ယင်းသတ်မှတ်ကာလအတွင်း ပြည်နယ်ဥပဒေပြုရေးကော်မတီမှ ပေးပို့လာသည့် ဥပဒေနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဥပဒေပြုရေး ကော်မတီသို့ ပြန်လည်ပေး ပို့နိုင်သည်။

(ဂ) အကြောင်းတစ်စုံတစ်ခုကြောင့် သတ်မှတ်ကာလ (၁၄) ရက်အတွင်း အတည်ပြု လက်မှတ်ရေးထိုးနိုင်ခြင်း မရှိခဲ့သော်လည်း ယင်းဥပဒေသည် အတည်ဖြစ်သည်။

## ဥပဒေအာဏာသက်ရောက်မှု

၄၇။ ပြည်နယ်ဥပဒေပြုရေးကော်မတီက ပြဋ္ဌာန်းထုတ်ပြန်သည့် ဥပဒေသည် ပုဒ်မ (၂၅) ပါ အုပ်ချုပ်ရေးအာဏာ သက်ရောက်သည့် ဒေသများကို အာဏာသက်ရောက်သည်။

## အခြေခံအခွင့်အရေးများနှင့်ဆိုင်သော ဥပဒေများ ပြဌာန်းခြင်း

၄၈။ ကရင်နီပြည်နယ် ဥပဒေပြုရေးကော်မတီသည် ကြားကာလအတွင်း ပြည်သူလူထု တစ်ရပ်လုံး၏ အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သော ဥပဒေများ ကို ရေးဆွဲပြဌာန်းရမည်။

## ရေးရာကော်မတီနှင့် အဖွဲ့များဖွဲ့စည်းခြင်း

၄၉။ ပြည်နယ်ဥပဒေပြုရေးကော်မတီ ဥက္ကဋ္ဌသည် ကော်မတီ၏ သဘောတူညီချက်ဖြင့် -

(က) ပြည်နယ်ဥပဒေပြုရေးကော်မတီသည် ဥပဒေကြမ်းရေးဆွဲရေးကော်မတီအား ပြည်နယ်ဥပဒေ ပြုရေးကော်မတီ ကိုယ်စားလှယ်များ၊ ပြည်နယ်တွင်းတိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များနှင့် ကရင်နီမျိုးနွယ်စုကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) ပြည်နယ်ကြားကာလအစီအမံနှင့် ပြည်သူ့ဆန္ဒများ အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရန် လိုအပ်သည့် ကော်မတီနှင့် အဖွဲ့များ ဖွဲ့စည်းခြင်း၊ အခြားအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ပြုနိုင်သည့်အပြင် လိုအပ်သည့် ဝန်ထမ်းခန့်အပ်နိုင်ရေးကို ပြည်နယ်အုပ်ချုပ်ရေးကောင်စီနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

## တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

၅၀။ ကြားကာလ ကရင်နီပြည်နယ်၏ လိုအပ်သည့် ဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ အား ရေးဆွဲခြင်း ကာလအတွင်း ယခင်တည်ရှိခဲ့သည့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းများကို ပြုလုပ်သွားရမည်။

## ပြည်နယ်ဥပဒေပြုရေးကော်မတီ အစည်းအဝေးကျင်းပခြင်း

၅၁။ (က) ပြည်နယ်ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌသည် ကရင်နီပြည်နယ်၏ ကြားကာလ အစီအမံများနှင့်အညီ နိုင်ငံရေးလမ်းပြမြေပုံနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လိုအပ်သော ဥပဒေပြုရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြည်နယ်ဥပဒေပြုရေးကော်မတီ အစည်း အဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ခ) ပြည်နယ်ဥပဒေပြုရေးကော်မတီ ပုံမှန်အစည်းအဝေးကို အနည်းဆုံး (၆) လ တစ်ကြိမ် ကျင်းပရမည်။

(ဂ) ပြည်နယ်ဥပဒေပြုရေးကော်မတီ အရေးပေါ် အစည်းအဝေးများကို အောက်ပါ အခြေအနေများအပေါ်တွင် ဥပဒေပြုရေးကော်မတီ ဥက္ကဋ္ဌမှ ခေါ်ယူရမည်။

(၁) ကရင်နီပြည်နယ်၏ ကြားကာလ အစီအမံအား ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ခြင်း၊

(၂) ကရင်နီပြည်နယ်၏ အရေးပေါ် ဥပဒေထုတ်ပြန်ရန်နှင့် ရုတ်သိမ်းရန် လိုအပ်ခြင်း၊

(၃) ကရင်နီပြည်နယ် အုပ်ချုပ်ရေးကောင်စီအဖွဲ့ ကျမ်းသစ္စာကျိန်ဆိုခြင်း၊

(၄) ကရင်နီပြည်နယ် တရားသူကြီးချုပ် ကျမ်းသစ္စာကျိန်ဆိုခြင်း။

(ဃ) အရေးပေါ်အခြေအနေအတွက် ဥပဒေပြုရေး ကော်မတီကိုယ်စားလှယ်၏ ထက်ဝက်ကျော်မှ တောင်းဆိုလျှင် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌက ပြည်နယ် ဥပဒေပြုရေးကော်မတီ အစည်းအဝေးခေါ်ယူပေးရမည်။

(င) ပြည်နယ်ဥပဒေပြုရေး ကော်မတီအစည်းအဝေးကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကျင်းပရမည်။

## ပြည်နယ်ဥပဒေပြုရေးကော်မတီအစည်းအဝေး ထမြောက်ခြင်း

၅၂။ (က) ပြည်နယ်ဥပဒေပြုရေးကော်မတီ အစည်းအဝေးတွင် ကိုယ်စားလှယ် (၇၅) ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(ခ) ပြည်နယ်ဥပဒေပြုရေးကော်မတီ အရေးပေါ်အစည်းအဝေးတွင် ကိုယ်စားလှယ် ထက်ဝက် ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်မည်။

## ပြည်နယ်ဥပဒေပြုရေးကော်မတီအစည်းအဝေး ဆုံးဖြတ်ခြင်း

၅၃။ (က) ပြည်နယ် ဥပဒေပြုရေးကော်မတီ အစည်းအဝေး၏ အရေးကြီးဆုံးဖြတ်ချက်များ သည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်များ၏ (၇၅) ရာခိုင်နှုန်း ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်နယ်ဥပဒေပြုရေးကော်မတီ အစည်းအဝေး၏ သာမန်ဆုံးဖြတ်ချက်များ သည် အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များ၏ ထက်ဝက် ကျော် ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

## ပြည်နယ် ဥပဒေပြုရေးကော်မတီ ကိုယ်စားလှယ်များအားအရေးယူခြင်း

၅၄။ (က) ပြည်နယ် ဥပဒေပြုရေးကော်မတီ ကိုယ်စားလှယ်များကို အောက်ပါအကြောင်း အရာပါ အချက်များအနက် တစ်ရပ်ရပ် ကျူးလွန်သည်ဟု တွေ့ရှိပါက ဥပဒေပြု ရေးကော်မတီ ကိုယ်စားလှယ်များကို စုံစမ်းစစ်ဆေး အရေးယူရမည်။

(၁) ကရင်နီပြည်နယ်ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊

(၂) ဤကြားကာလ အစီအမံပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အား ဖောက်ဖျက် ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊ အဂတိလိုက်စားခြင်း၊

(၄) ရာဇဝတ်မှုတစုစုတွင် ပြစ်မှုထင်ရှားကြောင်းတွေ့ရှိရခြင်း။

(ခ) အထက်ပါ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) (၂) (၃) (၄) တွင် ဖော်ပြထားသည့် အချက်များအရ ကိုယ်စားလှယ်များကို စုံစမ်းစစ်ဆေးရာတွင် အရေးပေါ် စုံစမ်းစစ်ဆေးရေးကော်မီရှင် တစ်ရပ်ကို ပြည်နယ်ဥပဒေပြုရေးကော်မတီအတွင်း သဘောတူညီချက်ဖြင့် ဖွဲ့စည်းပြီး စစ်ဆေးတွေ့ရှိချက်များကို ဥပဒေပြုရေး ကော်မတီသို့ ပြန်လည်တင်ပြရမည်။

(ဂ) ပြည်နယ်ဥပဒေပြုရေးကော်မတီက အရေးယူရမည်ဟု ယူဆလျှင် ကိုယ်စားလှယ်အား ကရင်နီပြည်နယ်၊ တရားရုံးချုပ်သို့ တရားစွဲဆို တင်ပို့ရမည်။

(ဃ) ပြည်နယ်တရားရုံးချုပ်က ကိုယ်စားလှယ်တွင် အပြစ်ရှိကြောင်းဆုံးဖြတ်လျှင် ကိုယ်စားလှယ်အား ရာထူးမှ ထုတ်ပယ်ပြီး တရားဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

## ပြည်ထောင်စုနှင့် ပြည်နယ်အကြား ဥပဒေပြုခြင်းဆိုင်ရာညှိနှိုင်းခြင်း

၅၅။ ဤကြားကာလတွင် ပြဋ္ဌာန်းသည့် ဥပဒေများသည် ပြည်နယ်ကြားကာလအစီအမံနှင့် အညီ လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းနိုင်သော်လည်း ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့် ဆန့်ကျင်ခြင်းမရှိစေရန် ဆောင်ရွက်ရမည်။

## ပြည်နယ်၏ ကြားကာလ ဥပဒေပြုအခွင့် အာဏာများ

၅၆။ ပြည်နယ်၏ ကြားကာလ ဥပဒေပြုအခွင့် အာဏာသည် အောက်ပါအကြောင်းအရာများ ဥပဒေပြုပိုင်ခွင့်အာဏာရှိသည့်အပြင် ကြွင်းကျန်အာဏာသည်လည်း ပြည်နယ်တွင် တည်ရှိသည်။

(၁) ပြည်နယ်၏ ကာကွယ်ရေး၊
(၂) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့၊
(၃) သစ်တောနှင့် သယံဇာတဆိုင်ရာ စီမံခန့်ခွဲရေး၊
(၄) သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၅) မြေယာ စီမံခန့်ခွဲရေး၊
(၆) မွေးမြူရေးနှင့် လယ်ယာ စိုက်ပျိုးရေး၊
(၇) မရွေ့မပြောင်းနိုင်သော ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ ကိစ္စရပ်များ
(၈) လျှပ်စစ်နှင့် စွမ်းအင်၊
(၉) ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊
(၁၀) ပြည်နယ်ကျန်းမာရေး၊
(၁၁) ပြည်နယ်ပညာရေး၊
(၁၂) ဓလေ့ထုံးတမ်းဆိုင်ရာ ကိစ္စရပ်များနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ၊
(၁၃) ပြည်နယ်အခွန်၊
(၁၄) ပြည်တွင်းတိမ်းရှောင်သူများနှင့် ဒုက္ခသည်များဆိုင်ရာ၊
(၁၅) မီးသတ်လုပ်ငန်း၊

(၁၆) ပြည်နယ်မူးယစ်ဆေးဝါး၊

(၁၇) ပြည်နယ်ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် သွင်းကုန်ထုတ်ကုန်ရေးရာ၊

(၁၈) ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ကိစ္စများ၊

(၁၉) ဝန်ထမ်းဆိုင်ရာ ဥပဒေများ၊

(၂၀) ပြည်နယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊

(၂၁) နေအိမ်ဥပစာ၊ မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၂၂) ပြည်နယ်တွင်း ခရီးသွားလုပ်ငန်းများ၊

(၂၃) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံး ဥပဒေများ၊

(၂၄) ပြည်နယ်ဥပဒေပြုရေး ဥပဒေ၊

(၂၅) ပြည်နယ်အုပ်ချုပ်ရေး ဥပဒေ၊

(၂၆) ပြည်နယ်တရားစီရင်ရေး ဥပဒေ၊

(၂၇) ပြည်နယ်နိုင်ငံသားဆိုင်ရာ ဥပဒေ၊

(၂၈) ပြည်နယ်လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ဥပဒေ၊

(၂၉) ပြည်နယ်၏ နိုင်ငံတကာရေးရာ။

## ပြည်နယ်ဥပဒေပြုရေးကော်မတီ၏ သက်တမ်း

၅၇။ ပြည်နယ်ဥပဒေပြုရေးကော်မတီ၏ သက်တမ်းသည် တော်လှန်ရေးကာလ သို့မဟုတ် ကြားကာလ ပြီးဆုံးသည့်အချိန်အထိဖြစ်သည်။ သို့သော် နိုင်ငံရေးအခြေအနေအရ ကြားကာလ သက်တမ်းသည် (၄) နှစ်ထက် ပိုမိုကြာမြင့်၍ ယင်းကာလတွင် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ခြင်း မရှိပါက ယင်းလွှတ်တော် သက်တမ်းကာလကို ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ သဘောတူညီချက်ဖြင့် ထပ်မံတိုးမြင့်နိုင်သည်။

## အခန်း (၈)

# ကြားကာလ ကရင်နီပြည်နယ်၏ တရားစီရင်ရေး

### ပြည်နယ်တရားစီရင်ရေးဆိုင် အခြေခံမူများ

၅၉။ (က) ကြားကာလ ကရင်နီပြည်နယ်၏ တရားစီရင်ရေးကို ဆောင်ရွက်သွားနိုင်ရန် အတွက် လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်တစ်ခုကို တည်ဆောက်သွားရမည်။

(ခ) တရားစီရင်ရာတွင် အောက်ပါတို့ကို အခြေခံ၍ စီရင်ရမည်-

(၁) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(၂) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(၃) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊

(၄) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင် အတွင်း၌ ကျေအေးပြီးပြတ်စေရေး၊

(၅) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး။

(ဂ) မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်း မရှိစေရ။

(ဃ) ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ။

(င) တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်လိုက်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှု ထင်ရှားစီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တစ်ဖန်ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှတစ်ပါး ယင်း ပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

(စ) ပြည်နယ်တရားစီရင်ရေးတွင် ပြည်နယ်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်အမိန့်သည် အပြီးပြတ်ဖြစ်သည်။

## ပြည်နယ်တရားစီရင်ရေးအာဏာ

၆၀။ (က) ပြည်နယ်ဥပဒေပြုရေးကော်မတီသည် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများတွင် တည်ဆောက်ထားသည့် တရားစီရင်ရေးမဏ္ဍိုင်အတွက် ပြဋ္ဌာန်းထားသည့် တရားစီရင်မှုဆိုင်ရာ ဥပဒေများနှင့် ညှိနှိုင်းဆောင်ရွက်၍ ပြည်နယ်၏ တရားစီရင်ရေးအတွက် အသုံးပြုမည့် ဥပဒေများကို ပြဋ္ဌာန်းရမည်။

(ခ) တရားရုံးတစ်ခု၏ အမိန့်တစ်ရပ် (သို့) ဆုံးဖြတ်ချက်တစ်ရပ်သည် သက်ဆိုင်သူအားလုံးနှင့် ပြည်နယ်အုပ်ချုပ်ရေး ယန္တရားအားလုံးအပေါ် စည်းနှောင်အားရှိသည်။

(ဂ) စစ်ဖက်ဆိုင်ရာ တရားစီရင်ရေးနှင့် အရပ်ဖက်ဆိုင်ရာ တရားစီရင်ရေး သီးခြားထားရှိရမည်။ အရပ်ဖက်နှင့် စစ်ဖက်ဆက်စပ်ကျူးလွန်သော ပြစ်မှုများကို အရပ်ဖက်ဆိုင်ရာ တရားစီရင်ရေးတွင်သာ စီရင်ရမည်။

## တရားစီရင်ရေးစနစ်

၆၁။ (က) ပြည်နယ်ဥပဒေပြုရေးကော်မတီသည် ပြည်နယ်တရားစီရင်ရေးဥပဒေ ပြဋ္ဌာန်း၍ ပြည်နယ် တရားရုံးချုပ်၊ ဒေသန္တရနယ်မြေတရားရုံးများနှင့် မြို့နယ်တရားရုံးများကို တည်ဆောက်သွားပြီး တရားစီရင်ပိုင်ခွင့်အာဏာကို တရားရုံးချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများသို့ အပ်နှင်းရမည်။

(ခ) တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ ဒေသတွင်း ယင်းတို့က တည်ဆောက်ပြီးသော တရားစီရင်ရေးစနစ်ကို တရားဝင်ဆက်လက်ကျင့်သုံးခွင့်ရှိသည်။

(ဂ) လူ့အခွင့်အရေးများနှင့် မဆန့်ကျင်သော ရိုးရာဓလေ့ထုံးတမ်း တရားစီရင်မှုများကို အသိအမှတ်ပြုသည်။

(ဃ) တရားစီရင်ရေးစနစ်တွင် အောက်ပါတရားရုံးများကို ဖွဲ့စည်းတည်ဆောက်သွားမည်။
- (၁) ပြည်နယ် တရားရုံးချုပ်၊
- (၂) ဒေသန္တရနယ်မြေတရားရုံးများ၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ ဒေသအလိုက် တရားရုံးများ၊
- (၃) မြို့နယ်တရားရုံးများ။

(င) ပြည်နယ်၏ တရားစီရင်ရေးစနစ်တွင် ပြစ်မှုများကို -
- (၁) စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးကသာ စီရင်ဆုံးဖြတ်သည့် စနစ်အရသော်လည်းကောင်း၊
- (၂) စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးကသာ စီရင်ဆုံးဖြတ်လျှင် တရားမျှတစွာ စီရင်ဆုံးဖြတ်နိုင်မှု အားနည်းနိုင်သည့် အခြေအနေတွင် စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးနှင့် ဓလေ့ထုံးတမ်း ဥပဒေများ နားလည်တတ်ကျွမ်းသူ သို့မဟုတ် လူထုကယုံကြည် လေးစားမှုရှိသည့် လူပုဂ္ဂိုလ်များ ပါဝင်သည့် ခုံသမာဓိအဖွဲ့ဖြင့် စုဖွဲ့၍ စီရင်ဆုံးဖြတ်သည့် တရားစီရင်ရေးစနစ်အရသော်လည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ စီရင်ဆုံးဖြတ်နိုင်သည်။

(၃) ယင်းခုံသမာဓိအဖွဲ့ စုဖွဲ့ရာတွင် အမျိုးသမီး အနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်စေရေး အလေးထားဖော်ဆောင်ရမည်။

(စ) ပြည်နယ်တရားရုံးချုပ်၏ သီးခြားထုတ်ပြန်ညွှန်ကြားချက်မရှိလျှင် တရားမ နစ်နာမှုနှင့် စပ်လျဉ်းသည့် အမှုများတွင် နှစ်ဖက်သက်ဆိုင်သူများသည် စိတ်သဘောဆန္ဒအရ သက်ဆိုင်ရာဓလေ့ထုံးတမ်းစဉ်လာအရသော်လည်းကောင်း၊ စေ့စပ်ညှိနှိုင်း ဖြန်ဖြေသည့် နည်းလမ်းအရသော်လည်းကောင်း ကနဦးဖြေရှင်း ဆောင်ရွက်နိုင်သည်။

## ပြည်နယ်တရားရုံးချုပ်

၆၂။ ကြားကာလ ပြည်နယ်တရားရုံးချုပ်၏ ပြည်နယ်တရားစီရင်ရေးအဖွဲ့ကို အောက်ပါ အရည်အချင်းနှင့် ပြည့်စုံသူ တရားသူကြီး အနည်းဆုံး (၃) ဦးမှ အများဆုံး (၅) ဦးဖြင့် ဖွဲ့စည်းရမည်။

(က) ကရင်နီပြည်နယ်သူပြည်နယ်သား သို့မဟုတ် ပြည်နယ်အတိုင်ပင်ခံကောင်စီက ထောက်ခံသူ၊

(ခ) တရားစီရင်ရေးလုပ်ငန်းအတွေ့အကြုံ (၇) နှစ်ရှိသူ သို့မဟုတ် ဥပဒေပညာရှင်ဟု ပြည်နယ် အတိုင်ပင်ခံကောင်စီက အသိအမှတ်ပြုသူ၊

(ဂ) တရားမျှတမှု စံတန်းဖိုးကို သိရှိနားလည်ပြီး သမာသမတ်ကျကျဆောင်ရွက်သူ။

## ပြည်နယ်တရားရုံးချုပ်၏ တရားသူကြီးများအား ရွေးချယ်ခန့်အပ်ခြင်း

၆၃။ ပြည်နယ်တရားရုံးချုပ် တရားသူကြီးများအား အောက်ပါအတိုင်းရွေးချယ်ခန့်အပ် ရမည်။

(က) ပြည်နယ်ဥပဒေပြုရေးကော်မတီမှ ကရင်နီပြည်နယ်အတိုင်ပင်ခံ ကောင်စီအတွင်း ဆွေးနွေးညှိနှိုင်း၍ ပြည်နယ်တရားရုံးချုပ်၏ တရားသူကြီးများ ရွေးချယ်ရေး ကော်မရှင်ကို ဖွဲ့စည်းပေးရမည်။

(ခ) ကော်မရှင်မှ ပြည်နယ်တရားရုံးချုပ် တရားသူကြီးများ၏ အမည်စာရင်းကို အတည် ပြုပေးနိုင်ရန် ကြားကာလပြည်နယ်ဥပဒေပြုရေးကော်မတီသို့ တင်သွင်းရမည်။

(ဂ) ပြည်နယ်ဥပဒေပြုရေးကော်မတီ ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံက သဘောတူ လျှင် တရားရုံးချုပ်၊ တရားသူကြီးများကို ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌမှ ခန့်အပ်ပေးရမည်။

(ဃ) ပြည်နယ်တရားရုံးချုပ်၊ တရားသူကြီးများထဲမှ အကြီးအကဲအဖြစ်ရွေးချယ်သော ပုဂ္ဂိုလ်အား ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌမှ တရားသူကြီးချုပ်အဖြစ် ခန့်အပ်ပေးရမည်။

(င) တရားရုံးချုပ် တရားသူကြီးအဖြစ် ခန့်အပ်ခြင်းခံရသူသည် နိုင်ငံရေးပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းဖြစ်နေပါက တရား သူကြီးအဖြစ် ခန့်အပ်ခံခြင်းခံရသည်နှင့် တပြိုင်နက် သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် အဖွဲ့အစည်း၏ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းအဖြစ်မှ နှုတ်ထွက်ရမည်။

## တရားရုံးချုပ် တည်နေရာ

၆၄။ ပြည်နယ်တရားရုံးချုပ်အား လုံခြုံစိတ်ချပြီး တရားစီရင်ရေးလုပ်ငန်းများ ကောင်းမွန်စွာ လုပ်ဆောင်နိုင်သည့် ကရင်နီပြည်နယ်အတွင်းရှိ တစ်နေရာတွင် စိုက်ထားရှိရမည်။

## တရားသူကြီးများ ရွေးချယ်ခန့်အပ်ခြင်း

၆၅။ ပြည်နယ်တရားစီရင်ရေး ဥပဒေ၊ နည်းဥပဒေနှင့်အညီ အဆင့်ဆင့်သော တရားသူကြီး များအား အောက်ပါပုဂ္ဂိုလ်များဖြင့် ရွေးချယ်ခန့်အပ်ရမည်။

(က) ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊

(ခ) CDM ဝင်ရောက်နေသည့် တရားသူကြီးများ၊

(ဂ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းမှ ခန့်အပ်တာဝန်ပေးထားသူများ၊

## တရားသူကြီးများ၏သက်တမ်း

၆၆။ (က) တရားသူကြီးများ၏ ရာထူးသက်တမ်းမှာ ကြားကာလပြီးဆုံးသည့် အချိန်အထိ ဖြစ်သည်။

(ခ) တရားသူကြီးသည် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားလျှင်လည်းကောင်း၊ ကျန်းမာရေးအခြေအနေကြောင့် ဆက်လက်တာဝန် ထမ်းဆောင်နိုင်မှု မရှိတော့ လျှင်လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းကြောင့် တရားသူကြီးအဖြစ် တာဝန် ထမ်းဆောင်ရန် အရည်အချင်း ပြည့်မီမှုမရှိတော့ဟု သတ်မှတ်ခြင်းခံရလျှင် လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တရားသူကြီးတစ်ဦးကို အစား ထိုးခန့်အပ်ရမည်။

## ပြည်နယ်တရားရုံးချုပ်၏ တရားစီရင်ပိုင်ခွင့်အာဏာ

၆၇။ ပြည်နယ်တရားရုံးချုပ်သည် ပြည်နယ်၏ တရားစီရင်ပိုင်ခွင့်အာဏာ အမြင့်ဆုံးဖြစ် ပြီး အောက်ပါမှုခင်းများကို စီရင်ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။

(က) မျိုးနွယ်စု/လူမျိုးစုများအကြား အငြင်းပွားဖွယ်ဖြစ်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသော မှုခင်းများ၊

(ခ) အယူခံဝင်သည့် မှုခင်းများ၊

(ဂ) တရားရုံး တစ်ခုနှင့်တစ်ခု လွှဲပြောင်းသော မှုခင်းများ၊

(ဃ) အငြင်းပွားဖွယ် ပြည်နယ်၏ ကြားကာလ အစီအမံများကိစ္စ။

(စ) စာချုပ်တော် ကိစ္စရပ်များ၊

(ဆ) တော်လှန်ရေးသစ္စာဖေါက်သည့် မှုခင်းများ။

## ဒေသန္တရအဆင့်တရားရုံးများနှင့် အောက်ခြေအဆင့် တရားရုံးများ၏ တရားစီရင်ခွင့်အာဏာ

၆၈။ ဒေသန္တရအဆင့်တရားရုံးများနှင့် အောက်ခြေအဆင့် တရားရုံးများ၏ တရားစီရင်ခွင့် အာဏာသည် ပြည်နယ်တရားစီရင်ရေးဥပဒေနှင့်အညီ အပ်နှင်းရမည်။

## ကင်းလွတ်ခွင့်

၆၉။ တရားသူကြီးများသည် တင်ကူးကြံရွယ်ထားသော ပြစ်မှုကျူးလွန်ခြင်းမှအပ တရားစွဲဆိုခြင်း မခံထိုက်စေရ။

## တရားသူကြီးများအား အကာအကွယ်ပေးခြင်း

၇၀။ ကြားကာလအတွင်း ပြည်နယ်အတိုင်ပင်ခံကောင်စီမှ ခန့်အပ်တာဝန်ပေးအပ်ထားသည့် တရားသူကြီးများ၏ တရားစီရင်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အသက်အန္တရာယ်နှင့် လုံခြုံရေးအတွက် အကာအကွယ်ပေးရမည့်အပြင် တာဝန်ယူ၊ တာဝန်ခံရမည်။

အခန်း (၉)

# အထွေထွေပြဌာန်းချက်များ

(General Provision)

## ကြားကာလ အစီအမံ၏ သက်တမ်း

၇၁။ ပြည်နယ်၏ ကြားကာလအစီအမံ သက်တမ်းသည် တော်လှန်ရေးကြားကာလ ပြီးဆုံးသည် အထိဖြစ်သည်။

## ကြားကာလအစီအမံအား တရားဝင်မှုရယူခြင်း

၇၂။ (က) ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ ကြားကာလအစီအမံများအား ပြည်နယ်အတိုင်ပင်ခံကောင်စီအတွင်း ညှိနှိုင်းသဘောတူအတည်ပြုမည်။

(ခ) ယင်းပြည်နယ်ကြားကာလအစီအမံအား ပြည်နယ်အခြေစိုက် တော်လှန်ရေးအင်အားစုများအားလုံးပါဝင်သည့် တော်လှန်ရေးအင်အားစုများ ညီလာခံတွင် ထပ်လောင်း အတည်ပြု၍ တရားဝင်မှုကို ရယူမည်။ ယင်းတရားဝင်မှုရယူပြီးသည့်နေ့မှ စတင်၍ အကောင်အထည်ဖော် ကျင့်သုံးနိုင်သည်။

## ကြားကာလအစီအမံများပါ အချက်အလက်များအား ပြင်ဆင်အတည်ပြုခြင်း၊

၇၃။ ဤပြည်နယ်ကြားကာလအစီအမံပါ ပြဌာန်းချက်တစ်ရပ်ရပ်အား ပြင်ဆင်ဖြည့်စွက်လိုပါက ပြည်နယ်အတိုင်ပင်ခံကောင်စီဝင် အင်အားစု အဖွဲ့အစည်းများအကြား အကျေအလည်ဆွေးနွေးပြီး အဖွဲ့ဝင် ၇၅ ရာခိုင်နှုန်း သဘောတူ အတည်ပြုချက်ဖြင့် ပြင်ဆင် ဖြည့်စွက်ခြင်းများ ပြုနိုင်သည်။

## ကော်မရှင်များဖွဲ့စည်းခြင်း

၇၄။ ကြားကာလအတွင်း ကရင်နီပြည်နယ်၏ အရေးပေါ်ဥပဒေပြဌာန်းချက်များအား ထိရောက်စွာ အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ရန် ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်အုပ်ချုပ်ရေး ကောင်စီဥက္ကဌမှ အောက်ပါကော်မရှင်များအပြင် လိုအပ်သည့် ကော်မရှင်များအား တိုးချဲ့ ဖွဲ့စည်းနိုင်သည်။

(က) လူ့အခွင့်အရေးကော်မရှင်၊

(ခ) အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာ ကော်မရှင်၊

(ဂ) စစ်ဘေးရှောင်ရေးရာ ညှိနှိုင်းရေး ကော်မရှင်။

## ဘဏ္ဍာငွေကြေးဆိုင်ရာ ပြဋ္ဌာန်းခြင်း

၇၅။ ကရင်နီပြည်နယ် အုပ်ချုပ်ရေးကောင်စီဘဏ္ဍာရေးဌာနမှ ပြည်နယ်ဘဏ္ဍာရေးဆိုင်ရာ မူဝါဒမူကြမ်းရေးဆွဲ၍ ပြည်အတိုင်ပင်ခံကောင်စီက အတည်ပြုထုတ်ပြန်ရမည်။ ယင်းအတည်ပြုပြီးသော ပြည်နယ်ဘဏ္ဍာရေး မူဝါဒကို ပြည်နယ်အတိုင်ပင်ခံကောင်စီ အပါအဝင် ကြားကာလပြည်နယ်ဥပဒေပြုရေး၊ ပြည်နယ်အုပ်ချုပ်ရေး၊ ပြည်နယ် တရားစီရင်ရေး မဏ္ဍိုင်အသီးသီးက လိုက်နာကျင့်သုံးရမည်။

## အသွင်ကူးပြောင်းရေးကာလ အစီအမံများ

၇၆။ (က) ကြားကာလအလွန် အသွင်ကူးပြောင်းရေးကာလအတွက် လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရန်နှင့် အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းထား ရှိရမည်။

(ခ) ကြားကာလပြီးဆုံးသည်နှင့် ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီမှ ဤပြည်နယ် ကြားကာလအစီအမံ ဖျက်သိမ်းကြောင်းထုတ်ပြန်ကြေညာရမည်။

## ကြားကာလအစီအမံများအား တာဝန်ခံအကောင်အထည်ဖော်ဆောင်ရွက်ခြင်း


၇၇။ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီတွင် ပါဝင်သော အစုအဖွဲ့များအနေဖြင့် ဤ ပြည်နယ်ကြားကာလ အစီအမံအတိုင်း ပြည်နယ်၏တန်းတူရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်း ဆောင်ရွက်မှုဖြင့် အပြည့်အဝလိုက်နာ၊ တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သည်။

၇၈။ ဤပြည်နယ်ကြားကာလအစီအမံ အတည်မပြုမီ ပြည်နယ်အတိုင်ပင်ခံ ကောင်စီက ဖွဲ့စည်းခဲ့သည့် ပြည်နယ်စီမံအုပ်ချုပ်ရေးဆိုင်ရာ ကော်မတီများနှင့် ပြည်သူ့ဝန်ဆောင်မှု ဆိုင်ရာ ကော်မတီများသည် ဤပြည်နယ်ကြားကာလအစီအမံ အတည်ပြုသည့် နေ့မှ စ၍ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ စီမံကွပ်ကဲမှုအောက်တွင် တည်ရှိစေရမည်။

၇၉။ (က) ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအပါအဝင် ဤကြားကာလအစီအမံအရ ဖွဲ့စည်းပေါ်ပေါက်လာသည့် အဖွဲ့အစည်းတိုင်းသည် ဤကရင်နီပြည်နယ်ကြား ကာလအစီအမံအား စောင့်သိလိုက်နာဆောင်ရွက်ပါမည်ဟု ကတိပြုရမည်။

(ခ) ပြည်နယ်အတိုင်ပင်ခံကောင်စီတွင် ပါဝင်သည့် တော်လှန်ရေး အင်အားစု သို့မဟုတ် အစုအဖွဲ့တိုင်းသည် ဤပြည်နယ် ကြားကာလ အစီအမံကို လိုက်နာ ရမည်။

၈၀။ ဤပြည်နယ်ကြားကာလ အစီအမံသည် လက်ရှိတော်လှန်ရေးကာလမှ စစ်အာဏာရှင် ချုပ်ငြိမ်းသည့် အချိန်ကာလအထိ ကျင့်သုံးမည့် အစီအမံဖြစ်သည်။



ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ
(Karenni State Consultative Council - KSCC)